KBZSC

# THE MARKET WATCH

ISSUE 2-2023

KBZSC Securities Trading April 30, 2023

## ရန်ကုန်စတော့အိပ်ချိန်းဈေးကွက်အကျဉ်းချုပ်

## Yangon Stock Exchange Market Summary

ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လ အတွင်း အစုရှယ်ယာ ရောင်းဝယ်မှု ပမာဏ စုစုပေါင်းမှာ မြန်မာကျပ်ငွေ ၉၇၀.၇သန်း ခန့် ဖြစ်ပြီး၊ အစုရှယ်ယာ အရေအတွက် ၂.၉၄ သိန်းကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ လွန်ခဲ့သော ၃လ ကာလအတွင်း Block Trading (ရှယ်ယာအရေအတွက် အမြောက်အများရောင်းဝယ်ခြင်း) အစုရှယ်ယာအရေအတွက် ၂၂,၅၄၈စု အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး အစုရှယ်ယာဝယ်ယူမှု ပမာဏအနေဖြင့် ကျပ် ၁၆၅.၇ သန်းခန့် ရှိခဲ့သည်ကို တွေ့ရသည်။

From Jan to March 2023, the total number of share traded on the Yangon Stock Exchange (YSX) was more than 294,000 share with total trading value of about MMK 970.7 million. In the same trading period, the total number of shares traded via block trading system (trading above 10,000 shares of any YSX stock) was 22,548 shares with total trading value of about MMK 165.7 million.

| STOCK | Jan- March HIGH (MMK) | Jan-March LOW(MMK) | AVERAGE DAILY VOLUME | TOTAL TRADING VALUE (MMK) |
|---|---|---|---|---|
| FMI | 8,900 | 8,000 | 408 | 212.6 mil |
| MTSH | 3,350 | 3,000 | 1,615 | 318.6 mil |
| MCB | 7,700 | 7,300 | 96 | 45 mil |
| FPB | 2,250 | 1,450 | 2,297 | 319 mil |
| TMH | 2,700 | 2,500 | 63 | 10 mil |
| EFR | 2,750 | 2,550 | 112 | 18 mil |
| AMATA | 5,200 | 4,800 | 154 | 46.8 mil |

FPB base price change
1,850 MMK
16/Jan/2023

FPB bonus share
issue date
20/Feb/2023

**KBZSC Telegram Channel** တွင် စာရင်းပေးသွင်းခြင်းဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဈေးကွက် အကြောင်းအရာများကို လေ့လာနိုင်ပါသည်။

### AMATA၏ စာရင်းစစ်ကော်မတီပြောင်းလဲဖွဲ့စည်းလိုက်ကြောင်း အစုရှယ်ယာရှင်များအားအသိပေးကြေညာခြင်း။

AMATA holding public co., ltd ၏ ဒါရိုက်တာအဖွဲ့ အနေဖြင့် ထိရောက်မှုရှိသောကော်ပိုရိတ် စီမံအုပ်ချုပ်မှု ဖြစ်ပေါ်စေရေးအတွက် ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၁၈)ရက်၌ ကျန်အဖွဲ့အစည်းများအား ပြောင်းလဲဖွဲ့စည်းခဲ့ခြင်း မပြုလုပ်ခဲ့ပဲ၊ ကုမ္ပဏီ၏ စာရင်းစစ် ကော်မတီကိုသာပြောင်းလဲဖွဲ့စည်းခဲ့ပြီး ခဲ့ပါ သည်။

### AMATA Change of Composition of the Audit committee

In 18th Jan 2023, AMATA holding public co., ltd made changes to the composition of its Audit Committee, aimed at improving corporate governance. This was the only change made to the committee, while the other remained unaffected.

### FMI၏ ဒါရိုက်တာနှင့်အလှည့်ကျဒါရိုက်တာ နှုတ်ထွက်ခြင်းနှင့် တာဝန်ခန့်အပ်ခြင်းအား အသိပေးကြေညာခြင်း။

၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ (၂၇)ရက်မှစတင်၍ Ayala ကော်ပိုရေးရှင်းမှ အမှုဆောင်မဟုတ်သော ဒါရိုက်တာဖြစ်သူ Mr.Cezar Peralta Consingနှင့်အလှည့်ကျဒါရိုက်တာMr. Alberto Macapinlac de Larrazabal တို့သည် တာဝန်မှနှုတ်ထွက်ခဲ့ပါသည်။ Ayalaကော်ပိုရေးရှင်းမှ Mr. Jaime Alfonso Antonio Eder Zobel de Ayalaအား ဒါရိုက်တာအဖွဲ့၏အမှုဆောင်မဟုတ်သော ဒါရိုက်တာအဖြစ်နှင့် Mr. Alberto Macapinlac de Larrazabal အားအလှည့်ကျဒါရိုက်တာအဖြစ်တာဝန်ခန့်အပ်ခဲ့သည်။

### FMI Announcement on Change of Director and Alternate Director

On February 27th 2023, Ayala Corporation announced the resignation of MR. Cezar Peralta Consing, the non-independent director, and Mr.Alberto Macapinlac de Larrazabal, the alternative director. Following their departure, Mr. Jaime Alfonso Antonio Eder Zobel de Ayala was appointed as a director and Mr. Alberto Macapinlac de Larrazabal was assigned as the alternate director.

### TMH၏ သီးခြားလွတ်လပ်သော ဒါရိုက်တာတာဝန်ခန့်အပ် ခြင်း အား အသိပေးကြေညာခြင်း။

TMH တယ်လီကွန်ပတ်ဘလစ် ကုမ္ပဏီသည် သီခြားလွတ်လပ်သော ဒါရိုက်တာအနေဖြင့် ၂၀၂၃ခုနှစ် မတ်လ (၁)ရက်နေ့တွင် လွတ်လပ်သောဒါရိုက်တာ (၃)ဦးဖြစ်သော ဦးသိန်းဇော် ၊ ဦးအောင်သန်းနှင့် ဒေါ်တင်မေဦး တို့အား သီးခြားလွတ်လပ်သော ဒါရိုက်တာအဖြစ်တာဝန်ခန့်အပ်ခဲ့ပါသည်။

### TMH Independent Director Notification

1st March 223, TMH Telecom Public Company Limited has been appointment of three independent director of U Thein Zaw, U Aung Than and Daw Tin May Oo where as independent director respectively.

## YOMA ဘဏ်၏ မြေယာအဆောက်အဦး (၁၀၀)% ဝယ်ယူပြီးစီးကြောင်း အသိပေးထုတ်ပြန်ကြေငြာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် ၏ လက်အောက်ခံကုမ္ပဏီ တစ်ခု ဖြစ်သော Yoma Bank Limited သည် သန်လျင်မြို့နယ် StarCity တွင်တည်ရှိသော ခန့်မှန်းခြေ အားဖြင့် အကျယ်အဝန်း ၂၂၆,၇၀၅ စတုရန်းပေနှင့် ၄င်းပေါ်ရှိ ၃ထပ်ခွဲအဆောက်အဦးနှစ်ခု (၁၇၈,၀၁၉ စတုရန်းပေ)အား လက်အောက်ခံကုမ္ပဏီ တစ်ခုဖြစ်သော Star City International School Company Limited (SCIS) တို့ထံမှ ၂၀၂၃ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် တန်ဖိုးငွေကျပ် (၁၁၁,၂၄၂)သန်းဖြင့် 100% ဝယ်ယူပြီး စီးကြောင်း အသိပေးထုတ်ပြန်ခဲ့ ပါသည်။

## FMI Announcement on Completion of YOMA Bank Limited’s Acquisition

Yoma Bank Limited (YB), a subsidiary of First Myanmar Investment Public Company Limited and its subsidiaries, has successfully completed the acquisition of land in StarCity, Thanlyin. The land measures approximately 226,705 square feet and includes two 3.5-storey buildings with a total floor area of approximately 178,019 square feet. The purchase was made from the company's fully-owned subsidiary, Star City International School Company Limited (SCIS), on March 31st, 2023, for a purchase price of MMK 111,242 million.

| | MMK 'million |
|---|---|
| Group's Total Consolidated Asset Value as at 30 September, 2022 | 3,728,179 |
| 5% Materiality Threshold | 186,409 |
| Transaction Value | 111,242 |
| less The Company's interest in TED | (33,373) |
| Related Party Transaction Value | 77,869 |
| Percentage to Group's Total Consolidated Asset Value | 2.09% |

## FMI လက်အောက်ခံကုမ္ပဏီမှအဆိုပြုထားသည့် ဝယ်ယူမှုကိစ္စနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ အသိပေး ထုတ်ပြန်ကြေငြာခြင်း

MGL သည် Singapore Exchange Securities Trading Limited ၏ Catalist စာရင်းမှ ၂၀၂၃ခုနှစ် ဇန်နဝါရီလ ၁၈ရက်နေ့ တွင်ထွက်ခွာခဲ့ပါသည်။ Exit offer လုပ်ဆောင်ချက်များအရ ကုမ္ပဏီသည် ယခင်MGL၏ အစုရှယ်ယာ ၄၁,၇၀၄,၃၁၆ စုကို MM2022 ၏ရှယ်ယာ ၄၁,၉၄၇,၄၂၇စုဖြင့် လဲလှယ်လက်ခံခဲ့ပါသည်။ ယခုအခါ FMI၏ပိုင်ဆိုင်မှုသည် MM2022 ရှယ်ယာစုစုပေါင်း၏ ၁၆.၆၆%ခန့်ဖြစ်သော အစုရှယ်ယာ ၈၃,၆၅၁,၇၄၃ စုဖြစ်ပြီး MM2022သည် ယခုအခါ FMI ၏တွဲဖက်ကုမ္ပဏီတစ်ခု ဖြစ်လာပါသည်။

## FMI Update announcement on proposed acquisition by subsidiary

MGL was delisted from the Catalist list of Singapore Exchange Securities Trading Limited on 18th January 2023. As part of the exit offer, the company received 41,704,316 shares of the former MGL in exchange for 41,947,427 shares of MM2022. Following these actions, FMI now owns 83,651,743 shares, which represents approximately 16.66% of MM2022's total shares, and MM2022 is now an affiliate of FMI.

### AMATA - နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များ

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၃၀ရက်နေ့တွင် ကုန်ဆုံးသော ၆လတာ ဘဏ္ဍာရေးနှစ်ဝက်တွင် AMATA သည် လုပ်ငန်းဝင်ငွေ ကျပ် ၁.၂ ဘီလီယံခန့်ရရှိခဲ့ပါသည်။ အဆိုပါကုမ္ပဏီ၏ ဝင်ငွေအများစုမှာ ဟိုတယ်အခန်း ငှားရမ်းခနှင့် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ်ဝက်နှင့် နှိုင်းယှဉ်ပါက ၃၁ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။လုပ်ငန်းအနေဖြင့်ခရီးသွားလာမှု နည်းပါးသည့် ကာလဖြစ်သောကြောင့် လုပ်ငန်းဝင်ငွေ ကျဆင်းခဲ့ခြင်း၊ လစဉ် ငွေလဲလှယ်မှု ပြောင်းလဲခြင်းနှင့် နိုင်ငံခြားချေးငွေ များကြောင့် ၆.၃ ဘီလီယံကျော် အသားတင်အရှုံး ဖြစ်ပေါ်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ (၁၇)ရက်မှ စတင်၍ ပုဂံဒေသတွင် လူစီးမီးပုံးပျံ ဝန်ဆောင်မှု ပြန်လည်စတင်လျှက်ရှိပြီး ခရီးသွားလာမှုနည်းပါးသည့်ကာလဖြစ်သော်လည်းလုပ်ငန်း လည်ပတ်စရိတ်နှင့် ဟိုတယ်ထိန်းသိမ်းစရိတ် အချို့ကို ကာမိစေခဲ့ပါသည်။

### AMATA Management Discussion & Analysis

In the 6-month financial year ending September 2022, AMATA recorded operating revenue of MMK 1.2 billion with the majority of revenue contributed from room sales and balloon services, which is 31% was decline compare with previous year financial year. Due to the period of low travel, monthly exchange rate changes and foreign loan result in a net loss of over 6.3 billion.

Since November 17, 2022, passenger hot air balloon service has been restarted in the Bagan region, and although there is less travel during this period, some of the operating costs and hotel maintenance costs have been covered.

| (Kyat) | HY 01-Apr-22 to 30-Sep-22 | HY 01-Oct-21 to 31-Mar-22 | % Change |
|---|---|---|---|
| **Operating Revenue** | | | |
| Room Sales | 803,656,064 | 1,187,137,161 | **-32%** |
| Passenger Income (Balloon) | - | - | |
| Food and Beverage | 338,426,975 | 468,160,369 | **-28%** |
| Other operating | 80,923,972 | 122,759,339 | **-34%** |
| **Total** | **1,223,007,011** | **1,778,056,869** | **-31%** |
| **Cost of Sales** | | | |
| Room and Balloon | 190,670,874 | 267,289,749 | **-29%** |
| Food and Beverage | 244,828,788 | 287,942,402 | **-15%** |
| Other operating | 11,736,051 | 13,216,961 | **-11%** |
| **Total** | **447,235,713** | **568,449,112** | **-21%** |
| **Gross Profit** | **775,771,298** | **1,209,607,757** | **-36%** |
| **Other Income** | **27,614,054** | **1,154,955** | **2291%** |
| **Other Expense** | **5,260,237,638** | **(1,224,403,075)** | **-530%** |
| **EBITDA** | **(4,456,852,286)** | **2,435,165,787** | **-283%** |
| **EBIT** | **(5,389,184,279)** | **1,457,593,417** | **-470%** |
| **Interest Expense** | 874,903,039 | 1,009,219,558 | **-13%** |
| **(Loss) / Profit before Tax** | **(6,264,087,318)** | **448,373,859** | **-1497%** |
| **Total Comprehensive Income** | **(6,262,888,288)** | **649,500,164** | **-1064%** |

အကြမ်းအမြတ်အချိုး

**Gross Profit Margin**

**63.43%**

အသားတင်အရှုံးအမြတ်အချိုး

**Net Profit Margin**

**- 512.09%**

အနာဂါတ်အလားအလာအနေဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကဏ္ဍာများ ပြန်လည်ဦးမော့ လာနိုင်ပြီး လုပ်ငန်းစုအနေဖြင့်လည်း လူစီးမီးပုံးပျံ ပျံသန်းခြင်းများနှင့် ဝန်ဆောင်မှုများကို ထပ်မံတိုးချဲ့ဝန်ဆောင်မှုများ ပြန်လည်စတင်ရန်ရည်ရွယ် ဆောင်ရွက်လျက်ရှိပါသည်။

In the future, the tourism sector may get back recover, and the group is aiming to relaunch the balloon flights and services and will continue to work hard.

## FPB ဆုကြေးရှယ်ယာ (Bonus Share) ထုတ်ဝေပေးခြင်းနှင့်ပတ်သက်၍ အသိပေးခြင်း

FPB ဒါရိုက်တာအဖွဲ့သည် (၁၇.၁.၂၀၂၃) ရက်နေ့တွင် ဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်အရ ဘဏ်အစုရှယ်ယာတစ်စုလျှင် ကနဦးတန်ဖိုး (Nominal value) ကျပ် ၁,၀၀၀ တန် အစုတစ်စုပေါ်တွင် (၂၀%) Bonus share (ဆုကြေးရှယ်ယာ) ခွဲဝေပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ Bonus share များအနေဖြင့် ရှယ်ယာအရောင်းအဝယ်ပြုရမည့် နောက်ဆုံးရက် (၁၀.၂.၂၀၂၃) မတိုင်မီကနဦး အစုရှယ်ယာ **(၅)စု**ကို အမျိုးအစားတူ အစုရှယ်ယာ **(၁)စု** အချိုးအရ ခွဲဝေခဲ့ပြီး (၂၀.၂.၂၀၂၃)ရက်နေ့တွင် သက်ဆိုင်ရာ Trading အကောင့်များသို့ ထုတ်ဝေပေးခဲ့ပါသည်။

## FPB Issue and Allotment of bonus shares

On January 17th 2023, in the FPB board of directors meeting, the directors of FPB bank decided to allocate a 20% bonus share, with a nominal value of MMK 1,000 per share. Which is bonus shares last day to trade is (February 10th 2023) and allocated who own five share for one share, after that (February 20th 2023) will be added to the respective trading accounts.

| **အကြောင်းအရာ** | **အတည်ပြုနေ့ရက်များ** |
|---|---|
| ဆုကြေးရှယ်ယာ ( Bonus Share) ခံစားခွင့်ရရှိရန် နောက်ဆုံးဝယ်ယူရမည့်နေ့ (Last day to trade) | 10.2.2023 |
| ဆုကြေးရှယ်ယာ ( Bonus Share) ခံစားခွင့် မရရှိသော အစုရှယ်ယာဝယ်ယူသည့်နေ့ (Ex Day) | 13.2.2023 |
| ဆုကြေးရှယ်ယာ ( Bonus Share) ခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Day) | 15.2.2023 |
| ဆုကြေးရှယ်ယာ ( Bonus Share) ထုတ်ပေးမည့်ရက် (Issue Day) | 20.2.2023 |

ပထမပုဂ္ဂလိကဘဏ်လီမိတက်သည် အဆိုပါ ဆုကြေးရှယ်ယာအရေအတွက် စုစုပေါင်း ၄,၉၄၄,၀၈၃ အားထုတ်ဝေပေးခဲ့ပြီး ရန်ကုန်စတော့အိပ်ချိန်းတွင် ၂၀၂၃ခုနှစ် ၊ ဖေဖော်ဝါရီ (၂၀)ရက်နေ့တွင် စာရင်းဝင်ခဲ့ပါသည်။

First Private Bank Limited issued a number of 4,944,083 bonus shares and listed them on the Yangon Stock Exchange registered on February 20th 2023

| မူလထုတ်ဝေပြီးသော အစုရှယ်ယာအရေအတွက် Existing Share | ဆုကြေးအ စုရှယ်ယာ အရေအတွက် Bonus Share | စုစုပေါင်းတိုးမြှင့်ပြီး အစုရှယ်ယာ အရေအတွက် Total Number of Share |
|---|---|---|
| ၂၄,၇၂၀,၃၃၀ | ၄,၉၄၄,၀၈၃ | ၂၉,၆၆၄,၆၁၃ |

# YSX Listed Companies Dividend History

| STOCK NAME | 2016 | 2017 | 2018 | 2019 | 2020 | 2021 | 2022 | 2023 |
|---|---|---|---|---|---|---|---|---|
| **First Myanmar Investment Co., Ltd** (FMI) Start Listing on Mar 2016 | 135 | 100<br>10+1 Bonus Share | 100<br>20+1 Bonus Share | No | No | No | No | N/A |
| **Myanmar Thilawa SEZ Holdings** (MTSH) Start Listing on May 2016 | 2500<br>Share Split 1 = 10 Shares | 260 | 230 | 250 | 200 | 180 | 100 | 50 |
| **Myanmar Citizens Bank** (MCB) | Listing on Aug 2016 | 300 | 200 | 400 | No | No | No | N/A |
| **First Private Bank** (FPB) | Listing on Jan 2017 | 2000 | 2000 | 2500 | No | No | No | Share spilt 1=10 shares<br>5+1 Bonus Share |
| **TMH Telecom Public Co., Ltd** (TMH) | Listing on Jan 2018 | | 200 | 50<br>20+1 Bonus Share | 70 | No | No | N/A |
| **Ever Flow River Public Co., Ltd** (EFR) | Listing on May 2020 | | | | No | No | No | N/A |
| **AMATA Holding Public Co.,Ltd.** (AMATA) | Listing on Jun 2021 | | | | | No | No | N/A |

Source - YSX

## KBZSC Securities Trading Department Contact Details


License No. : 001
Telephone : 01 230 7305 & 08
Email : trading@kbzsc.com
Website : www.kbzsc.com
Facebook : www.facebook.com/KBZSC
Office Hours : 9:00 AM – 4:30 PM (Monday – Friday)



*Disclaimer:*

*The ideas expressed here should not be construed as an enticement to buy or sell the securities mentioned. The accuracy or completeness of the information provided cannot be guaranteed. All customers should carry out independent verification of information provided. No warranty whatsoever is given and no liability whatsoever is accepted for any loss howsoever arising whether directly or indirectly as a result of actions taken based on ideas and information found in this presentation.*